## Google Chrome ပါခင်ဗျာ။ သုံးကြည့်ကြပါ




Google Chrome အကြောင်းပြောပြချင်ပါသေးတယ်။ Google Chrome ဟာ Google ရဲ့ ကိုယ်ပိုင် Web browser တစ်ခုဖြစ်ပါတယ်။ ယခုလ စက်တင်ဘာ ၂ ရက်နေ့မှာ စတင်အသုံးပြုခွင့်ပေးခဲ့ပါတယ်။ လောလောဆည်တော့ Window အတွက် beta အဆင့်မှာပဲရှိသေးပြီး တစ်ချို့ Maz OS X နဲ့ Linux အတွက်ကို လုပ်ဆောင်နေဆဲဖြစ်ပါတယ်။

ဦးဇင်းက ဘာအတွက်ကြောင့် Google Chrome ကိုကြော်ငြာပေးနေသလဲဆိုတော့ တစ်ခြား browser တွေဖြစ်ကြတဲ့ Internet Explorer, Firefox, Safari, Opera တွေထက် ပိုပြီးကောင်းနေလို့ပါပဲ။

သုံးစွဲရတာလဲမြန်တယ်၊ အန္တရာယ်ရှိတဲ့ ဂက်ဆိုက်တွေကို သွားလည်မယ်ဆိုရင် သူကသတိပေးတယ်၊ အန္တရယ်ရှိတဲ့ softlware တွေ သူ့ဟာသူအလိုအလျောက် installing လုပ်တဲ့ဘေးရန်တွေကိုလဲ အကာအကွယ်ပေးထားတယ်။

အလွန်လုံခြုံစိတ်ချရတယ်လို့ဆိုရမှာပါ။

မိမိတို့ bookmark လုပ်ထားတာတွေကိုလဲ webpage တစ်ခုထဲပေါ်မှာစုစည်းပေးထားပြီး Desktop applications တွေလို ပုံတွေနှင့်တကွမြင်ကြရမှာပါ။ Fireforx မှာလိုက်ရှာနေစရာမလိုပါဘူး။ မိမိတို့သုံးတဲ့ password တွေကို လုံခြုံအောင်လဲလုပ်ပေးထားပါတယ်။ မိမိတို့အသုံးပြုထားတဲ့ data တွေကိုလဲ သူကသိမ်းဆည်းထားပြီး history မှာပြန်ကြည့်လို့ရတယ်။

ဦးဇင်းပြောပြခဲ့တာတွေထက် သူ့ရဲ့ကောင်းကြောင်းတွေဟာ ပြောလို့ကုန်မှာမဟုတ်ပါဘူး။ စမ်းကြည့်ပါ လင့်ပေးလိုက်မယ်။ ဒေါင်းလုပ်ကြပါ။ မပြောမရှိနဲ့ နောက်ကျရင်တော့ အပေါက်ဂမှာပဲနေခဲ့ကြပေတော့။ ဒါပဲ။

http://www.google.com/chrome